EDUCATION
DEPARTMENT

# UAW အခြေခံအကြောင်းအရာများ

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၃ |
| အဖွဲ့အစည်း တည်ထောင်ခြင်း | ၃ |
| ဌာနချုပ် | ၃ |
| အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအခြေခံ | ၄ |
| အဖွဲ့အစည်း၏ ရည်ရွယ်ချက် | ၄ |
| ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ညီလာခံ | ၅ |
| အထူးညှိနှိုင်းဆွေးနွေးခြင်း ညီလာခံ | ၅ |
| ဘယ်သူတွေပါလဲ | ၆ |
| ဘယ်မှာလုပ်ကိုင်လဲ | ၇ |
| ဒေသတွင်း အလုပ်သမားအဖွဲ့များအကြောင်း | ၈ |
| အသင်းဝင် ကြေးများ | ၈ |
| နိုင်ငံတကာ အလုပ်သမားအသင်းများအကြောင်း | ၁၂ |
| နိုင်ငံတကာ ဝန်ထမ်းများ | ၁၂ |
| နိုင်ငံတကာ ဂေါပကအဖွဲ့ဝင်များ | ၁၂ |
| ပြည်နယ်ဒေသများနှင့် ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးများ | ၁၃ |
| UAW ဝန်ထမ်းအင်အား | ၁၅ |
| တွဲဖက် အလုပ်သမားရေးရာ အဖွဲ့အစည်းများ | ၁၅ |
| အသင်းဝင်များအား၏ အယူခံ ရပိုင်ခွင့်များ | ၁၆ |
| UAW မိသားစုများ ပညာရေး စင်တာ | ၁၆ |
| Black Lake အပျော်ခရီးစခန်း | ၁၇ |
| Black Lake ဂေါက်ရိုက်ကွင်း | ၁၈ |
| UAW နှင့်လက်တွဲကာ ရှေ့ဆက်ခြင်း | ၁၉ |

# နိဒါန်း

ဤ စာအုပ်သည် UAW နှင့်သက်ဆိုင်သော ယေဘုယျအချက်အလက်များ ကို ဖော်ပြထားပါသည်။ အသေးစိတ်အကြောင်းအရာများ သိရှိလိုပါက UAW ဝယ်ယူရေးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဤစာအုပ်မှတဆင့် UAW ဆိုင်ရာ အစီအစဉ်များ၊ ပညာပေးသင်ထောက်ကူပစ္စည်းများအကြောင်း အသေးစိတ်လေ့လာရှာဖွေရန် ကူညီနိုင်မည်ဟု မျှော်လင့်ပါသည်။

# အဖွဲ့အစည်းတည်ထောင်ခြင်း

နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း၊ United Automobile, Aerospace, Agricultural Implement Workers of America (UAW) မော်တော်ကား ပွဲပေါင်းအလုပ်သမား၊ လေကြောင်းဆိုင်ရာ အလုပ်သမားနှင့် အမေရိကန် စိုက်ပျိုးရေး အောင်မြင်ခြင်း အကောင်အထည်ဖော်ခြင်း အလုပ်သမားအဖွဲ့ အစည်းကို ၁၉၃၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့က ဒီထရွိုက်မြို့ မစ်ရှီဂန် ပြည်နယ်တွင် United Automobile Workers of America အမေရိကန် မော်တော်ကား အလုပ်သမားအဖွဲ့ဟူသော အမည်ဖြင့် စတင်တည်ထောင် ခဲ့ ခြင်းဖြစ်သည်။

၁၉၄၁ ခုနှစ်တွင် အဖွဲ့အစည်း၏ တရားဝင်အမည်ကို United Automobile, Aircraft, and Agricultural Implement Workers of America သို့ ပြောင်းလဲစေခဲ့ပြီး ကျယ်ပြန့်လာသော အလုပ်သမားအဖွဲ့ဝင်များ၏ အလုပ်အကိုင်ကဏ္ဍများစွာကို ကိုယ်စားပြုရာတွင် ပိုရိုပ်ထင်ဟပ်စေနိုင်ရန်ဖြစ် သည်။

အဖွဲ့အစည်း၏ အမည်ကို International Union, United Automobile, Aerospace, and Agricultural Implement Workers of America ဟု ၁၉၆၂ ခုနှစ်တွင် ထပ်မံ၍ပြုပြင်မွမ်းမံခဲ့ပြီး ယနေ့လက်ရှိအချိန်ထိ အသုံးပြုနေ ခြင်းဖြစ်သည်။

# ဌာနချုပ်

UAW ဌာနချုပ်ကို စည်းလုံးညီညွတ်ခြင်း ဂေဟာ ဟုလည်းခေါ်သည်။ လိပ်စာ မှာ ၈၀၀၀ အရှေ့ဂျက်ဖာဆင်လမ်း၊ ဒီထရွိုက်မြို့ မစ်ရှီဂန်ပြည်နယ် ၄၈၂၁၄ 8000 East Jefferson Avenue, Detroit, Michigan 48214 ဖြစ်သည်။

UAW ဥပဒေပြုခြင်း၊ အစိုးရနှင့် နိုင်ငံတကာဆိုင်ရာ ဌာနများတည်ရှိရာနေရာ မှာ ၁၇၅၇ အန်. လမ်း အနောက်တောင်၊ ဝါရှင်တန် ဒီစီ ၂၀၀၃၆ 1757 N. Street NW, Washington, DC 20036 ဖြစ်သည်။

# အဖွဲ့အစည်း၏ ဖွဲ့စည်းပုံ အခြေခံ

UAW ဖွဲ့စည်းပုံ အခြေခံသည် ဤအဖွဲ့အစည်း၏ အမြင့်မားဆုံးသော ဥပဒေဟု သတ်မှတ်ထားသည်၊ အတည်ပြုပြီးဖြစ်ပြီး ပြင်ဆင်ဖြည့်စွက်လိုပါက ပုံမှန်ပြုလုပ်သော အခြေခံ ဥပဒေဆိုင်ရာညီလာခံ သို့မဟုတ် အထူး ညီလာခံများတွင် ကိုယ်စားလှယ်များ၏ အများဆန္ဒမဲပေးခြင်းဖြင့်သာ ပြောင်းလဲပြုပြင်နိုင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံတွင် အလုပ်သမားအဖွဲ့ဝင်များ၏ နိစ္စဓူဝအလုပ်နှင့် ရပိုင်ခွင့်များ ဖန်တီးရပ်တည်ပေးခြင်း၊ အာမခံပေးခြင်းနှင့် UAW အဖွဲ့ဝင်များအပေါ်တာဝန်ယူပေးခြင်းများအတွက် ပံ့ပိုးကူညီနိုင်ရန် ခိုင်မြဲသည့် အခြေခံအုတ်မြစ်တည်ဆောက်ထားခြင်းဖြစ်သည်။

UAW ဖွဲ့စည်းပုံအခြေခံအပြည့်အစုံကို www.uaw.org တွင်ရှာတွေ့နိုင်သည်။

# အဖွဲ့အစည်း၏ ရပ်တည်ချက်

UAW ၏ ရပ်တည်ချက်မှာ UAW ဖွဲ့စည်းပုံအခြေခံဖော်ပြပါ ဆောင်းပါးအပိုဒ် ၂ အတိုင်း လိုက်နာကျင့်သုံး နိုင်ရန်ဖြစ်သည်။

- လုပ်အားခ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပင်စင်လစာများ၊ အလုပ်ချိန်သတ်မှတ်မှုနှင့် UAW အဖွဲ့ဝင်များ၏ လုပ်ငန်းခွင် အနေအထားများ ပိုမိုကောင်းမွန်လာပြီး ကာကွယ်မှုပေးနိုင်ရန်
- ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ အယူဝါဒ၊ အသားအရောင်၊ ကျား/မ၊ နိုင်ငံသားရပ်တည်မှု သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ဆက်နွယ်မှု၊ အသက်အရွယ်၊ မသန်မစွမ်းဖြစ်ခြင်း၊ အိမ်ထောင်ရှိမရှိ သို့မဟုတ် လိင်ဖြစ်တည်မှု၊ မိမိ၏ လိင်ပိုင်းဆိုင်ရာ ရပ်တည်ချက် သို့မဟုတ် ခံယူချက် စသည်တို့ကို ပဓာနမထားပဲ အဖွဲ့အစည်းတစ်ခုအနေဖြင့် ပေါင်းစည်းညီညွတ်နိုင်ရန်
- အဖွဲ့အစည်း၏ ညှိနိုင်းမှု ပြောအားဆိုအားကို အသုံးချကာ ရရှိလာမည့် လိုအပ်နေသော ပြောင်းလဲမှုများ အောင်မြင်ရေးနှင့် အလုပ်ခွင်ကျန်းမာရေးအခြေအနေ၊ လုံခြုံမှုအနေအထားများကို ထပ်မံကောင်းမွန်စေရန်ဖြစ်သည်၊ ထိုသို့ UAW အဖွဲ့ဝင်များအတွက် တရားမျှတမှု မြဲမြံစေရန် လုပ်ဆောင်မှုများ မအောင်မြင်ခဲ့ပါက ဆန္ဒပြတောင်းဆိုမှုများအပေါ် ထောက်ခံအားပေး ကူညီနိုင်ရန်
- အလုပ်သမား၏ ထုတ်ဖော်လှုပ်ရှားမှုသမိုင်းကို မိမိတို့ကိုယ်တိုင်ပြန်လည် လေ့လာသင့်ယူပြီး အဖွဲ့ဝင်တိုင်း ဂုဏ်သရေရှိစွာ ဉာဏ်စွမ်း

ရှိရှိ တိုးတက်ပြောင်းလဲစေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်

- မပေးနိုင်ရန်၊ ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများအတွက် အလုပ်လုပ်ပေးရန်နှင့် အလုပ်သမားထုအပေါ် ကောင်းမွန်စွာ အကျိုးသက်ရောက်စေရေးမည့် တည်ဆဲဥပဒေများကို ပိုမိုကောင်းမွန်လာစေရန်

# အဖွဲ့အစည်း၏ ရပ်တည်ချက် ဆက်လက်၍

- UAW အဖွဲ့ဝင်များ၏ ကောင်းကျိုးအပေါ်ရှေးရှုပြီး ဥပဒေပြုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ပြည်သူ့လူထုဆိုင်ရာ၊ လူမှုဖူလုံရေးဆိုင်ရာ လုပ်ဆောင်မှု အရပ်ရပ်တို့တွင် စိတ်ဝင်တစားရှိခြင်းဖြင့် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ပေါ်တိုရီကို နိုင်ငံအသိုင်းအဝန်း၊ ကမ္ဘာ့နိုင်ငံပေါင်းစုံများ၏ လူနေမှုအခြေအနေများ စီပွားရေးအခြေအနေများ ပိုမိုတိုးတက်လာနိုင်ရန်
- နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းများ၊ အမေရိကန် အလုပ်သမားအဖွဲ့ချုပ်၊ လွှတ်တော်ဆိုင်ရာ စက်မှုလုပ်ငန်းအဖွဲ့အစည်းများ (AFL-CIO)နှင့် ကနေဒါနိုင်ငံ အလုပ်သမားလွှတ်တော် (CLC)တို့ဖြင့် စည်းစည်းလုံးလုံး အလုပ်လုပ်ခြင်း

# ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ညီလာခံ

လေးနှစ်တစ်ကြိမ် UAW မှ ဖွဲ့စည်းပုံအခြေခံ ညီလာခံကို ကျင်းပပေးလေ့ရှိပြီး အဖွဲ့အစည်း၏ လုပ်ငန်းခွင်နေရာ အရေးပါပုံ၊ လူမှုရေးကိစ္စများ၊ ဖွဲ့စည်းပုံအခြေခံ အပြောင်းအလဲများ၊ အရာရှိများနှင့် ဒေသဆိုင်ရာ ဒါရိုက်တာများ ရွေးကောက်တင်မြှောက်ခြင်းတို့အပေါ်ထားရှိသည့် အဖွဲ့အစည်း၏ ရပ်တည်ချက်၊ ဆုံးဖြတ်ချက်တို့ကို တာဝန်ခွဲဝေခြင်းများပြုလုပ်ပါသည်။

အရပ်ဒေသတွင်းရှိ အဖွဲ့ဝင်များသည် ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်ကို ရွေးကောက် တင်မြှောက်သည်။ အရပ်ဒေသဆိုင်ရာ ကိုယ်စားလှယ်အရေအတွက်နှင့် မဲအရေအတွက်မှာ အဖွဲ့အဝင် ပမာဏအပေါ်တွင် မူတည်သည်။

# အထူးညှိနှိုင်းဆွေးနွေးခြင်း ညီလာခံ

လုပ်အားခ စေ့စပ်ဆွေးနွေးမှုအတွက် အထူးပြုကျင်းပသည့် ဤညီလာခံသည် Ford ဖော့ဒ်၊ Stellantis စတယ်လ်လန်းတစ်စ်၊ General Motors ဂျန်နရယ်မော်တာနှင့် အခြားလုပ်ငန်းအကြီးစားများထံ ချုပ်ဆိုထားသော UAW စာချုပ်သက်တမ်းမကုန်ခင် စုဝေးကျင်းပလေ့ရှိသည်။

ဤညီလာခံကို အဖွဲ့အစည်းတစ်ခုလုံး၏ ညှိနှိုင်းဆွေးနွေးခြင်း အစီအစဉ်များ ဖွံ့ဖြိုးတိုးတက်လာနိုင် စေရန်အတွက် ခေါ်ယူသော အစည်းအဝေးဖြစ်သည်။

ညီလာခံကိုယ်စားလှယ်များမှာ ရှေ့တွင်ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ ညီလာခံမှ ကိုယ်စားလှယ်များ ပင်ဖြစ်သည်။ အရပ်ဒေသရှိ အလုပ်သမား အဖွဲ့၏ လှုပ်ရှားမှုအရ ဒေသဆိုင်ရာ ဥက္ကဋ္ဌများ၊ ညှိနှိုင်းဆွေးနွေးမှု ကော်မတီ သဘာပတိများသည် မဲပေးရွေးချယ်ခြင်းမဟုတ်ဘဲ သဘောထားထုတ်ဖော် မည့် အထူးကိုယ်စားလှယ်များအနေဖြင့် တက်ရောက်နိုင်သည်။

# ဘယ်သူတွေပါလဲ


## ကျွန်ုပ်တို့သည် UAW ဖြစ်သည်။

UAW သည် မော်တော်ကားတပ်ဆင်ရေးနှင့် အစိတ်အပိုင်းများတပ်ဆင်ရေး အလုပ်သမားအသင်းဟု လူသိများသော်လည်း အဖွဲ့ဝင် ရာနှုန်းဝက်ခန့်သည် အခြားသော အခန်းကဏ္ဍများမှဖြစ်သည်။

ကျွန်ုပ်တို့သည် ကာစီနိုအလုပ်သမားများ၊ နည်းပညာဆိုင်ရာ၊ ရုံးလုပ်ငန်း ဆိုင်ရာနှင့် ကျွမ်းကျင်ပညာရှင် ဝန်ထမ်းများ၊ အလေးချိန် ကုန်တင်ကား၊ ဘတ်စ်ကား၊ စိုက်ပျိုးရေးဆိုင်ရာ အကောင်အထည်ဖော် တပ်ဆင်ခြင်း၊ လေကြောင်းဆိုင်ရာ ဝန်ထမ်းများ၊ ကျန်းမာရေး အာမခံ၊ ကျန်းမာရေး စောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်များနှင့် စက်မှုလက်မှုပညာရှင်များ ဖြစ်သည်။

ဤအဖွဲ့အစည်းမှ ကျယ်ပြန့်များပြားလှသော ထုတ်ကုန်များပြုလုပ်






ခြင်း၊ ကျယ်ပြန့်များပြားလှသော ဝန်ဆောင်မှုများပေးခြင်းတို့ ပြုလုပ်ပါသည်။ ရေခဲသေတ္တာ၊ သန့်ရှင်းရေး ပစ္စည်းများ၊ ကော်ဖီ၊ လက်နက်ပစ္စည်း၊ လေယာဉ်ပုံများနှင့် ကလေးကစားစရာအရုပ်များ စသည်တို့ ပြုလုပ်သည်။ ဘီယာထုတ်လုပ်ခြင်း၊ စာရေးခြင်းနှင့်တည်းဖြတ်ခြင်း၊ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း၊ ကျောင်းသားများအား ပညာသင်ကြားခြင်းနှင့် ကားမောင်း လိုင်စင်များထုတ်ပေးခြင်းတို့ပြုလုပ်သည်။ UAW အဖွဲ့ဝင်များမရှိသည့် စီးပွားရေးနယ်ပယ်ဆိုသည်မှာ မရှိသလောက် ရှားရခက်မည်ဖြစ်သည်။

UAW တွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် ပေါ်တိုရီကိုတို့မှ လက်ရှိနှင့် အငြိမ်းစားအဖွဲ့ဝင်ပေါင်း ၁ သန်း ကျော်ရှိသည်ဖြစ်ပါသည်။

UAW အဖွဲ့ဝင် တစ်ဝက်ကျော်ခန့်မှာ မော်တော်ကားတပ်ဆင်ရေး ဆိုင်ရာ လုပ်ငန်းများ (၃၅%)၊ မော်တော်ကားအစိတ်အပိုင်းထုတ်လုပ်ရေးလုပ်ငန်းများ (၁၇%) တွင် လုပ်ကိုင်ကြပါသည်။ တစ်ဆယ့်လေးရာခိုင်နှုန်းမှာ အခြားထွက်ကုန်များ ထုတ်လုပ်သည်။ နှစ်ဆယ့်တစ်ရာခိုင်နှုန်းသည် နည်းပညာဆိုင်ရာ၊ ရုံးလုပ်ငန်းနှင့် ကျွမ်းကျင်ပညာရှင်ကဏ္ဍများတွင် ပါဝင်သည်။ ကျန်ရှိသော ရာခိုင်နှုန်းတွင် အလေးချိန်ကုန်တင်ကားနှင့် ဘတ်စ်ကား၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး ပစ္စည်းကိရိယာ စသည့် ကဏ္ဍများပါဝင်သည်။

# ဘယ်မှာလုပ်ကိုင်လဲ

လက်ရှိ တက်ကြွလုပ်ရှားနေသည့် အဖွဲ့ဝင်အများစုသည် မစ်ရှီဂန်ပြည်နယ်၊ အိုဟိုင်းရိုးပြည်နယ်၊ အင်ဒီယားနားပြည်နယ်၊ အဲလစ်နွိုက်ပြည်နယ်၊ နယူးရော့ခ်ပြည်နယ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ မစ်ဇူရီပြည်နယ်၊ ပန်ဆယ်လ်ဗေးနီးယားပြည်နယ်၊ တက်ခ်ဆက်စ်ပြည်နယ်နှင့် အိုင်အိုဝါပြည်နယ်တို့မှဖြစ်သည်။

# ဒေသတွင်း အလုပ်သမားအဖွဲ့များအကြောင်း

ဒေသတွင်း အလုပ်သမားအဖွဲ့များသည် UAW ၏ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဌာနများဖြစ်ပြီး အလုပ်ရှင်အတူတူအောက်တွင် အလုပ်လုပ်သူများ၊ မိမိလုပ်ငန်းခွင်နှင့်ပတ်သတ်၍ တူညီသော သဘောအမြင်ရှိသူများ စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ အလုပ်ရှင်မတူသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော ဒေသဆိုင်ရာ အလုပ်သမားဌာနအဖွဲ့များကိုမူ ပူးပေါင်းလေ့ရှိသည်။

အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် ပေါ်တိုရီကိုတို့တွင် UAW ဒေသတွင်း အလုပ်သမားအဖွဲ့ပေါင်း ၆၀၀ ကျော်ရှိသည်။

ဒေသတွင်း အလုပ်သမားအဖွဲ့မှ လစဉ် အဖွဲ့ဝင်အစည်းအဝေးများ ကျင်းပသည်၊ ပူးပေါင်းထားသည့် ဌာနခွဲများသည်လည်း ဆိုင်ရာ အဖွဲ့ဝင်အစည်းအဝေး သို့မဟုတ် တွဲဖက်အစည်းအဝေးများ ပြုလုပ်လေ့ရှိသည်။ မိမိဒေသ၏ အလုပ်သမားအဖွဲ့ဆိုင်ရာ စည်းမျဉ်းဥပဒေပြုများကို နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း UAW ဥက္ကဌ၏ခွင့်ပြုချက်ရယူကာ အဖွဲ့ဝင်များကပင် ဆုံးဖြတ်လေ့ရှိသည်။

ဒေသတွင်းအလုပ်မားအဖွဲ့အစည်းကို စီမံခန့်ခွဲရန်အတွက် အလုပ်အမှုဆောင်များကို အဖွဲ့ဝင်များက အစည်းအဝေးများကျင်းပပြီး ရွေးချယ်တင်မြှောက်ပါသည်။ ဒေသအချို့တွင် ရွေးချယ်တင်မြှောက်ထားသော ဆိုင် သို့မဟုတ် ညှိနှိုင်းဆွေးနွေးမှု ကော်မတီဖွဲ့ထားပြီး ဒေသတွင်းအဖွဲ့ဝင်များ၏ကိုယ်စား ညှိနှိုင်းဆွေးနွေး သဘောတူညီချက်များကို တာဝန်ယူ စေ့စပ်ဆွေးနွေးပေးပါသည်။ တစ်ခါတစ်ရံ အဖွဲ့ဝင်များ၏ စာချုပ်နစ်နာမှုများကိုလည်း ကိုင်တွယ်ပေးပါသည်။

ဒေသအလုပ်သမားအဖွဲ့များသည် အမြဲတမ်း ကော်မတီ ၁၀ မျိုး ရှိနေရန်လိုအပ်သည်၊ ပညာရေး၊ ရပ်ရွာလူထု ဝန်ဆောင်မှုများ၊ အရပ်သားပြည်သူနှင့် လူ့အခွင့်အရေးများ၊ စစ်မှုထမ်းဟောင်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အပန်းဖြေရေးနှင့်၊ အမျိုးသမီးများကော်မတီ စသည်ဖြင့်ပါဝင်ရပါသည်။ အမြဲတမ်းကော်မတီ အဖွဲ့ဝင်များကို ဒေသတွင်း အလုပ်သမားအဖွဲ့များက မဲခွဲရွေးချယ်ခြင်း သို့မဟုတ် အဖွဲ့အစည်း၏ စည်းမျဉ်း ဥပဒေများအရ ဒေသတွင်း

အလုပ်သမားအဖွဲ့ဥက္ကဋ္ဌမှ ခန့်အပ်ထား ခြင်းဖြစ်သည်။

UAW အဖွဲ့ဝင်များ၏ ကြိုးပမ်းမှုများမှတစ်ဆင့် ဒေသတွင်း ကော်မတီများသည် အလုပ်သမားထုကြီးအတွက် ပိုမိုကြီးမားကျယ်ပြန့်သော လူမှုရေးနှင့် စီးပွားရေး တရားမျှတ လှုပ်ရှားမှုများတွင် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်သည်။ အမြဲတမ်းကော်မတီများသည် ဒေသတွင်း အလုပ်သမားအဖွဲ့၏ ရည်မှန်းချက်များချမှတ်ရာတွင် အဖွဲ့ဝင်များလိုလားစွာ ပါဝင်ကူညီ ပါတ်သတ်မှုရှိလာနိုင်ရန် ခွင့်ပြုပေးပါသည်။ အမြဲတမ်းကော်မတီများမှတစ်ဆင့် အဖွဲ့ဝင်များ၏ အတူတကွ ကြိုးစားအားထုတ်မှုကြောင့် အလုပ်သမားအဖွဲ့ကြီး၏ အင်အားတည်ဆောက်ကြပါသည်။

# အသင်းဝင် ကြေးများ

UAW အဖွဲ့ဝင်များသည် မိမိလုပ်အားခ သတ်မှတ်ပုံ၊ ဆန္ဒထုတ်ဖော်ခွင့်ရှိမရှိ တို့အပေါ်မူတည်၍ အသင်းဝင်ကြေးများ ပေးဆောင်ရပါသည်။ အသင်းဝင်ကြေးများကို UAW ဖွဲ့စည်းပုံအခြေခံညီလာခံ ကိုယ်စားလှယ်များက သတ်မှတ်ပါသည်။

# အသင်းဝင် ကြေးများ အသုံးပြုပုံ

ဒေသတွင်း အလုပ်သမားအဖွဲ့

အသင်းဝင်ကြေးများ၏ ခွဲတမ်းအများစုမှာ ဒေသတွင်းအလုပ်သမားအဖွဲ့ ထံသို့ ပြန်လည်ရောက်ရှိ အသုံးချပါသည်။ အသုံးပြုသည်မှာ အဖွဲ့ဝင်များ၏ ကိုယ်စားပြုဆောင်ရွက်ခြင်းများနှင့် ပညာပေးခြင်းများအတွက်ဖြစ်သည်၊ ထို့အပြင် ရပ်ရွာအတွင်းဖြစ်ပေါ်သော လှုပ်ရှား လုပ်ဆောင်မှုများအတွက် ရန်ပုံငွေအဖြစ်လည်းပါဝင်သည်။

နိုင်ငံတကာ အလုပ်သမားအသင်း အထွေထွေ ရန်ပုံငွေ

နိုင်ငံတကာ UAW မှ အသင်းအဖွဲ့ ပညာပေးခြင်းများ၊ ဆက်သွယ်ရေးနှင့် စီမံလုပ်ဆောင်မှုများအတွက် စိုက်ထုတ်ပေးပါသည် - အလုပ်သမားအဖွဲ့၏ အင်အားကို တည်ဆောက်ရာတွင် အကျိုးသက်ရောက်စေမည့် အစီအစဉ်များဖြစ်သည့် အငြိမ်းစားလစာ စံနှုန်း ညှိနှိုင်းခြင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်များ၊ အလုပ်အကိုင် စိတ်ချလုံခြုံရေး ဖန်တီးမှုများ၊ အင်အားကောင်းသော ကျန်းမာရေးနှင့် ဘေးအန ္တရာယ်ကင်းရေး စံညွှန်းများ၊ သင့်တင့်မျှတသော အလုပ်အကိုင် လုပ်ငန်းသတ်မှတ်ချက်များ၊ တွဲဖက်အရည်အသွေးမီ အစီအစဉ်များနှင့် အခြားသော အရေးပါသည့် သဘောတူစာချုပ်ပြဌာန်းချက်များတို့ပါဝင်သည်။ UAW ၏ ဥပဒေရေးရာ၊ လူမှုဖူလုံ

ရေး၊ သုတေသနပြုခြင်းနှင့်၊ ကျန်းမာရေးနှင့် ကာကွယ်ရေး ဌာနများမှ စုပေါင်း ညှိနှိုင်းဆွေးနွေးသဘောတူညီမှု များရရှိလာအောင် ကူညီ စေ့စပ်ဆွေးနွေးခြင်း နှင့် အတည်ပြုခြင်းတို့ကိုလုပ်ဆောင်ရန် ကျွမ်းကျင်သည့် ကူညီထောက်ပံ့မှု များ စီစဉ်ပေးသည်။

နိုင်ငံတကာ အလုပ်သမားအသင်း ဆန္ဒပြခြင်းနှင့် တရားရေးရာ ထုချေခြင်း ရန်ပုံငွေ

ရန်ပုံငွေထောက်ပံ့မှု တောင့်တင်းသည့် သပိတ်မှောက် ဆန္ဒထုတ်ဖော်ခြင်း နှင့် တရားရေးရာ ထုချေခြင်းရန်ပုံငွေတို့ရှိခြင်းကြောင့် UAW အဖွဲ့ဝင်များ၏ ဆန္ဒပြခြင်း၊ လိုအပ်ပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုအတွက် တောင်းဆိုချက် များ အနိုင်ရစေရန် လိုအပ်မည့် အရင်းအနှီးများကို ရယူနိုင်မည့်အကြောင်း အလုပ်ရှင်များ သိရှိစေရန်ဖြစ်သည်။ ထပ်မံ၍ အကြိမ်ကြိမ်သက်သေ ရှိခဲ့သည်မှာ ဆန္ဒပြရန် အသင့်အနေအထားဖြစ်ကြောင်းသိရှိနေခြင်းက သပိတ်မှောက် ဆန္ဒပြခြင်း ကို ရှောင်လွှဲနိုင်ရန် အထိရောက်ဆုံး နည်း လမ်းပင်ဖြစ်သည်။ ထို့ကြောင့် အနည်းငယ်သော UAW သဘောတူစာချုပ် ကျေအေးခြင်းများသာ ဆန္ဒထုတ်ဖော်ခြင်းများ ပါဝင်ခဲ့ခြင်းဖြစ်သည်။

# UAW အသင်းကြေးများကို ဗဟိုအစိုးရဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုများတွင် အသုံးပြုပါသလား?

အသုံးမပြုပါ။ ထိုသည်မှာ လူအများသိကြသော နားလည်မှုလွဲခြင်းဖြစ်သည်။ အချက်အလက်ဖြင့် ရှင်းပြရလျှင် ဗဟိုအစိုးရဆိုင်ရာ (ပြည်နယ်များစွာ) ရွေးကောက်တင်မြှောက်ခြင်း ဥပဒေတွင် အလုပ်သမားအသင်းကြေးများ ကို အသုံးပြုပြီး နိုင်ငံရေးရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများကို ငွေကြေးပံ့ပိုးခြင်းကို တားမြစ်ပိတ်ပင်ထားပါသည်။ ဗဟိုအစိုးရဆိုင်ရာ ကိုယ်စားလှယ်လောင်းများ၏ ထောက်ပံ့ရာတွင် သုံးနိုင်သည့် ငွေကြေးပံ့ပိုး ခြင်းမှာ အသင်းဝင်များမှ စေတနာအလျောက် V-CAP သို့လှူဒါန်းငွေများသာ ဖြစ်သည်။

# နိုင်ငံတကာ အလုပ်သမားအသင်းအကြောင်း

နိုင်ငံတကာ အလုပ်အမှုဆောင် ဘုတ်အဖွဲ့ (IEB) တွင် အရာရှိဝန်ထမ်း ငါး ဦးပါဝင်သည် (ဥက္ကဌ၊ ဘဏ္ဍာရေးမှူးနှင့် ဒု-ဥက္ကဌ သုံးယောက်ဖြစ်သည်) ထို့

အပြင် နယ်မြေအုပ်ချုပ်ရေး ဒါရိုက်တာ ရှစ်ဦးပါဝင်သည်။ ဖော်ပြပါတို့ အတူတကွစုပေါင်းကာ IEB ကို နိုင်ငံတကာ ခေါင်းဆောင်များ အသင်းအနေ နှင့် ဖွဲ့စည်းထားပါသည်။

IEB မှ နိုင်ငံတကာ အလုပ်သမားအသင်းကို အုပ်ချုပ်ပြီး နိုင်ငံတကာ ဝန်ထမ်း ကိုယ်စားလှယ်များကို ညွှန်ကြားကာ ဒေသတွင်း အလုပ်သမားအဖွဲ့များနှင့် အဖွဲ့ဝင်များအတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ စနစ်တကျ စည်းရုံးဖွဲ့စည်းခြင်း၊ နိုင်ငံရေး လှုပ်ရှားမှု၊ ပညာပေးခြင်း၊ ဥပဒေဆိုင်ရာမေးခွန်းများ၊ ကျန်းမာရေး နှင့် ဘေးအန ္တရာယ်ကင်းရေးစသည့် အခြားသော ကိစ္စများဆောင်ရွက် ပါသည်။

နိုင်ငံတကာ အလုပ်သမားဌာနများနှင့် ကောင်စီများသည် UAW ၏ ညှိနှိုင်း ဆွေးနွေးခြင်း အုတ်မြစ်ချ တည်ဆောက်ထားရာတွင် အလုပ်ရှင်များ၊ စက်မှု လုပ်ငန်းများ သို့မဟုတ် အလုပ်အကိုင် နယ်ပယ်စုံနှင့် ဆက်နွယ်လျက်ရှိသည်။

# နိုင်ငံတကာ ဝန်ထမ်းများ

UAW ဖွဲ့စည်းပုံအခြေခံ ညီလာခံတွင် မဲခွဲဆုံးဖြတ်ခြင်းဖြင့် ကိုယ်စားလှယ် များရွေးချယ်ကာ ဝန်ထမ်းအနေဖြင့် ဆောင်ရွက်စေသည်၊ ထိုကိုယ်စားလှယ် များကိုမှ ဒေသတွင်း အလုပ်သမားအဖွဲ့ဝင်များက ရွေးကောက်တင်မြှောက် ထားခြင်းဖြစ်သည်။ လက်ရှိ နိုင်ငံတကာ ဝန်ထမ်းများကို https://uaw.org/executive-board တွင် ဝင်ရောက်သိရှိနိုင်သည်။


# နိုင်ငံတကာ ဂေါပကအဖွဲ့ဝင်များ

UAW ဖွဲ့စည်းပုံအခြေခံညီလာခံမှ နိုင်ငံတကာ ဂေါပကအဖွဲ့ဝင် သုံးဦးကို ရွေးကောက်တင်မြှောက် ထားခြင်းဖြင့် နိုင်ငံတကာ အလုပ်သမားအသင်းများ အားလုံး၊ UAW ရန်ပုံငွေများနှင့်၊ ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးထားနိုင် ရန်ဖြစ်သည်။ အဆိုပါ ဂေါပက အဖွဲ့ဝင်များသည် နိုင်ငံတကာ အလုပ်သမား အသင်း၏ ငွေကြေးအသုံးပြုမှု မှတ်တမ်းများကို တစ်နှစ်လျှင် နှစ်ကြိမ် ဘဏ္ဍာရေးစစ်ဆေးခြင်းအတွက် အာမခံချက်ပြည့်မီသည့် စာရင်းစစ် လုပ်ငန်း ကို စီစစ်ရွေးချယ်သည့် တာဝန်ယူရပါသည်။ UAW ဖွဲ့စည်းပုံအခြေခံအရ ဂေါပကအဖွဲ့ဝင်များသည် ၁၂ နှစ်အကြာထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်၊ သက်တမ်းကာလ သုံးကြိမ်ဖြစ်သည်။

# ပြည်နယ်ဒေသများနှင့် ဒေသဆိုင်ရာ ညွှန်ကြား ရေးမှူးများ

UAW သည် ပထဝီအနေအထားဖြင့် နယ်ပယ်ဒေသ ရှစ် နေရာခွဲခြား ထားသည်။ နယ်ပယ်ဒေသအလိုက် ပြည်နယ်ဆိုင်ရာ ညွှန်ကြားရေးမှူးများ ကို UAW ဖွဲ့စည်းပုံအခြေခံညီလာခံတွင် မိမိကိုယ်စားပြုသည့် နယ်ပယ်ဒေသ ရှိ ကိုယ်စားလှယ်များမှ ရွေးကောက်တင်မြှောက်လေ့ရှိသည်။ လက်ရှိ ဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူးများကို https://uaw.org/executive-board တွင် သိရှိနိုင်သည်။

ပြည်နယ်ဒေသအလိုက် ဒေသရုံးချုပ်တစ်ခုစီရှိကြပြီး UAW အဖွဲ့ဝင် အရေအတွက်များပြားလွန်းသည့် ပြည်နယ်ရုံးနှင့် ဝေးလံသောဒေသများတွင် လက်အောက်ခံ ရုံးများ ထပ်မံတည်ရှိနိုင်ပါသည်။




# ပြည်နယ်ဒေသများနှင့် ဒေသဆိုင်ရာ ညွှန်ကြား ရေးမှူးများ ဆက်လက်၍

**ပြည်နယ်ဒေသ ၁ :** မစ်ရှီဂန်ပြည်နယ်မှ ဖော်ပြပါ ကောင်တီများ ပါဝင်သည်၊ ဟူရွန်၊ လပြီးရာ၊ မခွန်းန်၊ အုတ်ခ်လန်၊ စိန့်ကလဲရ်၊ စနင်လက်ခ်၊ တက်စ်ကူလာ နှင့် ဝိန်းန် တစ်စိတ်တစ်ပိုင်း (ဒီထရွိုက် အပါအဝင်)၊နှင့် ကနေဒီယန်း UAW ဒေသအလုပ်သမားအသင်းများ

**ပြည်နယ်ဒေသ ၁ က :** ဝိန်းန်းကောင်တီအားလုံးနီးပါး ပါဝင်သည်၊ မစ်ရှီဂန် (ဒီ

ထရှိုက်မြို့ တစ်စိတ်တစ်ပိုင်း)၊ မွန်ရိုး ကောင်တီ၊နှင့် ဝါရှနောကောင်တီမှ အိုဟိုင်းရိုး ပြည်နယ်စပ်အထိ အကျုံးဝင်သည်။

**ပြည်နယ်ဒေသ ၁ ဃ :** မစ်ရှီဂန် ပြည်နယ် အထက်ကျွန်းဆွယ်နှင့် အလယ်ပိုင်း၊ အနောက်ပိုင်းနှင့် အောက်ကျွန်းဆွယ်၏ တောင်ပိုင်းအစိတ်အပိုင်းများရှိ UAW အလုပ်သမားများပါဝင်သည်။

**ပြည်နယ်ဒေသ ၂ ခ :** အိုဟိုင်းရိုးနှင့် အင်ဒီယားနားပြည်နယ်ရှိ အမျိုးမျိုးကွဲပြားနေသည့် အလုပ်နေရာ ၅၀ ခန့်မှ အသင်းဝင်များ ပါဝင်သည်။

**ပြည်နယ်ဒေသ ၄ :** အစ်လန္ဒိုက်ပြည်နယ် မြောက်-အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့ ပါဝင်သည်၊ အိုင်အိုဝါ၊ နဘရားစကား၊ ဝစ်စကောန်ဆင်၊ မင်နစ်ဆိုးတား၊ နော့သ် ဓါခိုဒါ၊ ဆောက်သ် ဓါခိုဒါ၊ ဝိုင်အိုးမင်း၊ မောန်ထာနာ၊ ကန်န်ဆက်စ်၊ မစ်ဆူရီ၊ အော်ရီဂွန်၊ ဝါရှစ်တန်၊ အိုင်ဒါဟို၊ နဗားနား၊ အလာ့စကားနှင့် ဟာဝိုင်ရီ။

**ပြည်နယ်ဒေသ ၈ :** ပစိဖိတ်သမုဒ္ဒရာ၏ အနောက်ဘက်ပြည်နယ်များ ပါဝင်သည်၊ တန်နဆီ အပါအဝင်၊ ကန်ထကီ၊ မစ်စစ်ဆပီ၊ အလဘားမား၊ ဂျော်ဂျီယာ၊နှင့် ဖလော်ရီဒါ၊ ကိုလန်ဘီယာ ခရိုင်၊ မေရီလန်း၊ ဒဲလဝဲ၊ အာကန်ဆော့၊ တက်ခ်ဆက်စ်၊ လူဝီစီယားနား၊ နယူး မက်ခ်ဆီကို၊ အဲရီဇိုးနား၊ ကော်လိုရာဒို၊ အိုကလာဟိုးမား၊ ယူတား နှင့် ကယ်လီဖိုးနီးယား။ ပန်ဆယ်လ်ဗေးနီးယား ပြည်နယ်၏ ကောင်တီလေးခုလည်း ပါဝင်သည်၊ ဖရန်ကလင်၊ ခန်ဘားလန်န်၊ အဒမ်စ်၊ ရော့ခ်။

**ပြည်နယ်ဒေသ ၉ :** နယူးရော့ခ် အနောက်ပိုင်းနှင့် အလယ်ပိုင်းပါဝင်သည်၊ နယူးဂျာစီ၊နှင့် ပန်ဆယ်လ်ဗေးနီးယား၊ ဖရန်ကလင်၊ ခန်ဘားလန်န်၊ အဒမ်စ်၊ ရော့ခ် ကောင်တီများ မပါ။

**ပြည်နယ်ဒေသ ၉ က :** နယူးရော့ခ် အရှေ့ပိုင်းပါဝင်သည် (နယူးယောက် မြို့တော် နယ်မြေ၊ ဟဒ်ဆင် တောင်ကြားနှင့် ကပ်ပတယ်လ် ဒစ်စတွစ်ထ် နယ်မြေ အပါအဝင်) ကာနက်တီကပ်၊ မန်ဆာချူးဆက်၊ ရုတ်ဒ် အိုင်းလန်း၊ နယူး ဟမ့်ရှိုးယား၊ ဗားမောန့်ထ်၊ မိန်းန်နှင့် ပေါ်တိုရီကို။

# UAW ဝန်ထမ်းအင်အား

UAW နိုင်ငံတကာဝန်ထမ်းများသည် UAW အလုပ်အမှုဆောင်များ၊ ပြည်နယ် ဒေသများ၊ ဒေသတွင်း အလုပ်သမားအဖွဲ့များနှင့် အဖွဲ့ဝင်များအတွက် အထွေထွေနှင့် အထူးကူညီထောက်ပံ့မှုများ စီစဉ်ပေးပါသည်။

နိုင်ငံတကာဝန်ထမ်းများသည် လေ့ကျင့်ပြီးဖြစ်ကာ လိုအပ်သည့် နယ်ပယ်များ စွာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်၊ သဘောတူစာချုပ်ညှိနှိုင်းခြင်း၊ စီမံခန့်ခွဲရေးနှင့်၊ စည်းမျဉ်းလိုက်နာစေခြင်း၊ ပညာပေးခြင်း၊ စနစ်တကျစည်းရုံး ခြင်း၊ လူထုလှုပ်ရှားမှု ပါဝင်စေခြင်း၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရေး၊ ရပ်ရွာပြည်သူနှင့် လူ့အခွင့်အရေးများပါဝင်သည်။ အထူးဝန်ဆောင်မှုများမှာ ဥပဒေရေးရာ၊ သုတေသနပြုခြင်း၊ အာမခံမှု၊ ဆက်သွယ်ရေးတို့ ဖြစ်သည်။

UAW ဝန်ထမ်းအများစုမှာ UAW ဝန်ထမ်းရေးရာကောင်စီမှ ကိုယ်စားပြု ခန့်အပ်ထားခြင်းဖြစ်သည်။

နိုင်ငံတကာ ဆက်သွယ်ရေး ဝန်ထမ်းများသည် အမေရိကန်လုပ်သားများဆက် သွယ်ရေးအဖွဲ့အစည်း/ ကုန်သည်များ ဒေသတွင်းသတင်းစာ ၃၄၀၂၂ (CWA/ TNG Local 34022) မှ ကိုယ်စားလှယ်ပြုခန့်အပ် ထားသည်။

ဥပဒေရေးရာဌာန ရှေ့နေများသည် UAW ဝန်ထမ်းဆိုင်ရာ ရှေ့နေများအသင်း မှ အဖွဲ့ဝင်များဖြစ်သည်။

ရုံးလုပ်ငန်းဆိုင်ရာနှင့် ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းများကို ရုံးနှင့် ကျွမ်းကျင် ဝန်ထမ်းများဆိုင်ရာ နိုင်ငံတကာ အလုပ်သမားသင်း AFL-CIO မှကိုယ်စားပြု ခန့်အပ်ထားသည် (OPEIU Local 494)

အပြင်ဘက် လုံခြုံရေး ဝန်ထမ်းများသည် နိုင်ငံတကာ လုံခြုံရေးအလုပ်သမား အသင်း၊ ရဲနှင့် အမေရိကန် ကျွမ်းကျင်မီးသတ်သမားအသင်းတို့မှ အဖွဲ့ဝင်များ ဖြစ်သည် (SPFPA Local 119)

# တွဲဖက် အလုပ်သမားရေးရာ အဖွဲ့အစည်းများ

AFL-CIO၊ ကနေဒါ အလုပ်သမားများ လွှတ်တော်တို့နှင့် တွဲဖက်လုပ်ဆောင် ခြင်းအပြင် UAW သည် ကမ္ဘာလုံးဆိုင်ရာ စက်ရုံအလုပ်သမားများအသင်းနှင့် လည်း ပူးပေါင်းလုပ်ဆောင်ကာ သန်း ၅၀ကျော်သော စွမ်းအင်လုပ်ငန်း၊ သတ္တု လုပ်ငန်း၊နှင့် ထုတ်ကုန် အလုပ်သမားများအတွက် ကိုယ်စားပြုပေးပါသည်။ ထို့အပြင် နိုင်ငံတကာ ကုန်သွယ်ရေး အလုပ်သမားများ မဟာမိတ်အဖွဲ့နှင့် တွဲဖက်၍လုပ်ကိုင်ပြီး နိုင်ငံ နယ်နမိတ်ပေါင်း ၁၆၂ နိုင်ငံမှ သန်း ၁၇၆ သော အလုပ်သမားထုအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

# အသင်းဝင်များအား၏ အယူခံ ရပိုင်ခွင့်များ

UAW အဖွဲ့ဝင်များသည် UAW ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တစ်မူထူးသည့် အယူခံ ရပိုင်ခွင့်များရှိသည်။ လွန်ခဲ့သောနှစ်များစွာက UAW ဖွဲ့စည်းပုံအခြေခံ ညီလာခံ ကိုယ်စားလှယ်များမှ အများဆိုင်ရာ ပြန်လည်စစ်ဆေးခြင်းဘုတ်အဖွဲ့ (PRB)နှင့် အယူခံဆိုင်ရာ ညီလာခံကော်မတီ (CAC) တို့ကို ဖန်တီးခဲ့ပြီး အဖွဲ့ဝင်များနှင့်ဆက်နွယ်သော လုပ်ရှားမှု၊ လုပ်ရှားမှုမရှိခြင်း သို့မဟုတ် ဒေသတွင်း အလုပ်သမားအဖွဲ့ ဆုံးဖြတ်ချက်၊ သို့မဟုတ် ဌာနများ၊ ကော်မတီများ၊ အရာရှိဝန်ထမ်းများ၊ ကော်မတီအလုပ်အမှုဆောင်များ သို့မဟုတ် အမှုထမ်းများ၊ နှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့၊ နိုင်ငံတကာ ဂေါ်ပကအဖွဲ့၊ နိုင်ငံတကာ ဝန်ထမ်းများ၊ ဒေသတွင်း ညွှန်ကြားရေးမှူး ဒါရိုက်တာများ၊ နိုင်ငံတကာ ကိုယ်စားလှယ်များ သို့မဟုတ် လက်အောက်ငယ်သား ဝန်ထမ်းအင်အားတို့မှ အယူခံလိုသည့် ကိစ္စများကို ကြားနာပေးပါသည်။

CAC တွင် UAW ပြည်နယ်ဒေသတစ်ခုစီမှ ကိုယ်စားပြုထားသော UAW ဖွဲ့စည်းပုံအခြေခံ ညီလာခံ ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ထားရပြီး ထိုပြည်နယ်ဒေသအလိုက် ရွေးချယ်ထားသော ကိုယ်စားလှယ်များမှ ဆက်လက်မဲခွဲဆုံးဖြတ်ခြင်းဖြစ်သည်။

PRB သည် အမှီခိုကင်းသည့် လုပ်ငန်းဖြစ်ပြီး ထူးချွန်သော ပြည်သူပြည်သားလေးဦးဖြင့် ဖွဲ့စည်းထားပါသည်။ PRB အဖွဲ့ဝင်များကို သိရှိလိုပါက http://www.uawpublicreviewboard.com/prb/ တွင်ကြည့်နိုင်ပါသည်။

CAC နှင့် PRB တို့၏ ဆုံးဖြတ်ချက်အားလုံးသည် အပြီးသတ် အတည်ဖြစ်ပြီး ပြည့်စုံခိုင်မာပြီဖြစ်သည်။

# UAW မိသားစုများ ပညာရေးစင်တာ

ဝေါ်လ်တာနှင့် မေရူသာ UAW မိသားစုများ ပညာရေးစင်တာသည် ကွယ်လွန်ပြီးဖြစ်သော UAW ဥက္ကဋ္ဌ ဝေါ်လ်တာ ရူသာ၏ကမ္ဘာ့အဆင့် အလုပ်သမားများပညာရေးနှင့်အပန်းဖြေရေးစင်တာဖွင့်လိုသောအမြင်ကို အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။

Black Lake ဘလက်ခ် လိတ်ခ်ဟုလူသိများသော မိသားစုများ ပညာရေးစင်တာကို ၁၉၇၀ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ဤလှပသည့် တောအုပ်များ သစ်ပင်ကြီးများရှိသော ဆိတ်ငြိမ်ရိပ်သာသို့ UAW အဖွဲ့ဝင်များနှင့် မိသားစုများ ထောင်ချီ၍ လာရောက်ကြပြီး အလုပ်သမားအဖွဲ့ဆိုင်ရာ ပညာပေးခြင်းများ၊



လေ့ကျင့်သင်ကြားခြင်း၊နှင့် အပန်းဖြေအစီအစဉ်များလာရောက် လည်ပတ်ကြသည်။

တစ်နှစ်ပတ်လည်အတွင်း ဤရိပ်သာကို UAW ၏လေ့ကျင့်ကာဦးစီးဦးရွက်ပြုခြင်းနှင့် အဖွဲ့ဝင်ကိုယ်စားလှယ်များတက်ရောက်သည့် ညီလာခံများကျင်းပခြင်းများအတွက် ကျယ်ပြန့်စွာ အသုံးပြုပါသည်။

Black Lake ဝန်ထမ်းများသည် စတီးလ်လုပ်ငန်း စုပေါင်းအလုပ်သမားအဖွဲ့(USW Local 2-100)၊ နိုင်ငံတကာ လုံခြုံရေးအဖွဲ့၊ ရဲ၊ အမေရိကန်ကျွမ်းကျင်မီးသတ်အဖွဲ့ (SPFPA Local 32) တို့၏ အဖွဲ့ဝင်များဖြစ်ကြသည်။ ဂေါက်ရိုက်ကွင်း ပြုပြင်ထိန်းသိမ်းရေး ဝန်ထမ်းများမှာ နိုင်ငံတကာ အင်ဂျင်နီယာများ စီမံရေးအလုပ်သမားအဖွဲ့ (IUOE) ၏ အဖွဲ့ဝင်များဖြစ်သည်။ စားသောက်ကုန်ဝန်ဆောင်မှု အလုပ်သမားများသည် Unite HERE (ဟိုတယ်ဝန်ထမ်းများနှင့် စားသောက်ဆိုင် ဝန်ထမ်းများ) အသင်း၏ အဖွဲ့ဝင်များဖြစ်သည်။

ဤစင်တာတည်နေရာမှာ ၂၀၀၀ မက်ခ်ဆင်လမ်း၊ အောန်နဝေးမြို့ မစ်ရှီဂန်ပြည်နယ် ၄၉၇၆၅ ဖြစ်ပြီး ဖုန်းခေါ်ရန်နံပါတ်မှာ (၉၈၉) ၇၃၃-၈၅၂၀ ဖြစ်သည်။

# Black Lake အပျော်ခရီးစခန်း

Black Lake သည် အိမ်မွေးတိရိစ္ဆာန်များခေါ်ဆောင်လာနိုင်သော အပျော်ခရီးစခန်းဖြစ်ပြီး (အဖွဲ့ဝင်များမှာ တစ်နေ့လျှင် $၃၀၊ အဖွဲ့ဝင်မဟုတ်သူများမှာ တစ်နေ့လျှင် $၃၈) ရေ မီး အစုံအလင်ရသည့် စခန်းနေရာဖြစ်သည်။ ကြိုတင်စာရင်းသွင်းလိုက www.uawblacklake.com သို့မဟုတ် ဖုန်း (၉၈၉) ၇၃၃-၈၅၂၀ သို့ခေါ်ဆိုနိုင်သည်။



# Black Lake ဂေါက်ရိုက်ကွင်း

Black Lake ဂေါက်ရိုက်ကလပ်သည် Black Lake ညီလာခံ ကျောင်းပရာ စင်တာဝင်းထဲတွင်တည်ရှိသည်။ အများသူငါ အတွက်သတ်မှတ်ထားသော အပါတ်စဉ်နှင့် ပိတ်ရက်စျေးများမှ UAW အဖွဲ့ဝင်များအတွက် ၁၀%လျှော့စျေးရရှိပြီး UAW အငြိမ်းစားများအတွက် ၂၀% လျှော့စျေးများရရှိနိုင်သည်။

၂၀၀၀ ခုနှစ် စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ လုပသော ရီးစ်ဂျုံးစ် ဒီဇိုင်း ဂေါက်ကွင်းများသည် ဂေါက်ရိုက်လမ်းစဉ် စာစောင်၏ "အမေရိကရှိ အကောင်းဆုံး ဂေါက်ရိုက်ကွင်း ၁၀၀" စာရင်းတွင် အမြင့်ဆုံးနေရာ၌တည်ရှိသည်။ ရွေးဆန်သည့် ဂန္ထဝင် ဂေါက်ကွင်းကြီးသည် သဘာဝတောင်တန်းများကြား ရောယှက်၍ရှိနေသည်။

Blake Lake Grille မှ ဧည့်သည်များအတွက် အလွန်ပင်ခမ်းနားကြီးကျယ်သော ရှုခင်းများခံစားရင်း ကြော့ရှင်း သပ်ရပ်သည့်အပြင်အဆင်များနှင့် မနက်စာ၊ နေ့လည်စာ၊ သို့မဟုတ် ညစာများကို ဂေါက်ကွင်းအနီးနားတွင်ပင် သုံးဆောင်နိုင်မည်ဖြစ်သည်။ ယမကာမှီဝဲနိုင်မည့် သီးသန့်နားနေခန်းစသည်ဖြင့်လည်း ရရှိနိုင်မည်ဖြစ်သည်။

ဂေါက်ကွင်းအချက်အလက်များ စျေးနှုန်း၊ အုပ်စုလိုက်နှုန်းထား၊ အသင်းဝင်ကြေးများ ပိုမိုသိရှိလိုလျှင် (၉၈၉) ၇၃၃-GOLF သို့မဟုတ် www.blacklakegolf.com သို့သွားရောက်လေ့လာနိုင်ပါသည်။

# Notes

# Notes

# EDUCATION DEPARTMENT

# UAW BASICS

*8000 East Jefferson Avenue*
*Detroit, Michigan 48214*
*(313) 926-5474*
*education@uaw.net*

SD:EF:rv
opeiu494afl-cio

**Publication:** #515-BUR
Revised: May 2021
Printed:

For additional copies, contact:
UAW Purchasing Department
uawsupply@uaw.net
(313) 926-5221